ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ပထမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာ မပြုရသေးသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာမပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါ ကျွန်ုပ် ဆိုတဲ့နောက်မှာ မိမိအမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။ (လိုက်ဆိုပါ)

"ကျွန်ုပ် - - - - - - - - - - - - - - သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

အားလုံး ထိုင်နိုင်ကြပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်

အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၇.၀၅)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ၂၉ – ၄ – ၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား

လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်ကိုကို၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)၊ ဘွဲ့နှင်းသဘင်တက်ရောက်ရန်။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောစိန်ထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဗိုလ်မှူးကြီးစောရွှေ၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးကြီးထိန်လင်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ကော်မတီတာဝန်ထမ်းဆောင်ရန်။ ဒေါက်တာငွေးကွယ်၊ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ပြည်ပခရီးစဉ်တို့ပဲ ဖြစ်ကြပါတယ်။

ယနေ့ ခွင့်ပန်ကြားသူ(၂၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်

ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦး ဖြစ်၍ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀:၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာရွှင်လန်းစွာ တက်ရောက်လာကြတာကို တွေ့မြင်ရတဲ့အတွက် ဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။

လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ်ကာလအတွင်း မဲဆန္ဒရှင်ပြည်သူများနဲ့ တွေ့ဆုံပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကို သယ်ဆောင်လာပြီး ဥပဒေ၊ နည်းဥပဒေဘောင်အတွင်းက နည်းလမ်းတကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရတော့မှာပဲ ဖြစ်ပါတယ်။

ယခုဆိုလျှင် လွှတ်တော်သက်တမ်းဟာ (၃)နှစ်ကျော် (၄)နှစ်အတွင်းကိုရောက်လာပြီမို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေ၊ နည်းဥပဒေ၊ လွှတ်တော်ရဲ့ ဓလေ့ထုံးတမ်းများနဲ့အညီ ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

ဒါကြောင့် ယခုလို (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာလည်း ဥပဒေပြုရေး တာဝန်များ၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကဏ္ဍတို့ကို အပြန်အလှန်ထိန်းကျောင်းခြင်း တာဝန်များကို နည်းလမ်းတကျ ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## မြန်မာနိုင်ငံအတွင်း ပြည်တွင်းရွှေ့ပြောင်း နေထိုင်လုပ်ကိုင်စားသောက်နေသူများကို မှတ်ပုံတင် အိမ်ထောင်စုစာရင်းများ စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် မဲပေးခွင့်များရရှိရေး မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀:၁၅။**

**ဥက္ကဋ္ဌ။** ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင် က မြန်မာနိုင်ငံအတွင်း ပြည်တွင်းရွှေ့ပြောင်း နေထိုင်လုပ်ကိုင် စားသောက်နေသူများကို မှတ်ပုံတင်

အိမ်ထောင်စုစာရင်းများ စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် မဲပေးခွင့်များရရှိရေး မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၅။**

**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ဖြစ်ပါတယ်။

ယနေ့ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မြန်မာနိုင်ငံအတွင်း ပြည်တွင်းရွှေ့ပြောင်းနေထိုင်လုပ်ကိုင်စားသောက်နေသူများကို မှတ်ပုံတင် အိမ်ထောင်စုစာရင်းများ စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် မဲပေးခွင့်များရရှိရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့သည် တိုင်းဒေသကြီးမြို့တော်ဖြစ်ပါတယ်။ မြို့တော်ဖြစ်သည်နှင့်အညီ စက်ရုံ၊ အလုပ်ရုံများလည်း တစ်နေ့တခြား တိုးတက်ဖွင့်လှစ်လျက်ရှိပါတယ်။ လိုအပ်သော အလုပ်သမားများကို ပဲခူးမြို့နယ်သာမက သနပ်ပင်မြို့နယ်၊ ကဝမြို့နယ်၊ ဝေါမြို့နယ်၊ အင်းတကော်၊ ဘုရားကြီးမြို့များမှ အလုပ်သမားများကိုလည်း ခေါ်ယူခန့်ထား အလုပ်ပေးလျက်ရှိပါတယ်။

ထို့အပြင် အခြားဒေသမှ အလုပ်သမားများလည်း လာရောက်လုပ်ကိုင်လျက်ရှိပါတယ်။ အချို့ဆိုလျှင် အထူးသဖြင့် ကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ်များမှ အလုပ်သမားများသည် ကမ်းပြိုသဖြင့် စိုက်ပျိုးစရာမြေမရှိသောကြောင့် ရေကြည်ရာမြက်နုရာဒေသများအဖြစ် ပဲခူးမြို့သို့ ရွှေ့ပြောင်း အလုပ် လုပ်ကိုင် စားသောက်နေထိုင်ကြရပါတယ်။ အနည်းငယ်အဆင်ပြေလည်သောသူတို့မှာ မြို့ပေါ် ရပ်ကွက်ရှိ နေအိမ်များတွင် လခပေး၍ ငှားရမ်းနေထိုင်ကြပါတယ်။ အများစုမှာ အိမ်ငှားရန်ပင် ငွေကြေးမတတ်နိုင်ကြသဖြင့် ရပ်ကွက်ကြီး(၈)၊ ရပ်ကွက်ကြီး(၉)၊ ပဲခူးမြို့သစ်ပိုင်းရှိ မြေလွတ်၊ မြေလပ် နေရာများတွင် အိမ်ဆိုသည့်မည်ကာ မတ်တပ်တဲထိုး၍ နီးစပ်ရာ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက် အလုပ် လုပ်ကိုင်နေကြရပါတယ်။

တစ်နည်းအားဖြင့် ကျူးကျော်အိမ်များအဖြစ် နေ နေကြရပါတယ်။ လျှပ်စစ်ဓာတ်ကြိုး (ပါဝါကြိုး)အောက်များတွင် တဲအိမ်ငယ်များအဖြစ် ဆောက်လုပ်နေထိုင်လျက်ရှိနေကြခြင်းမှာ အန္တရာယ် အလွန်များလျက်ရှိနေပါတယ်။ အလုပ် လုပ်နေသော သားသမီးများ၊ အစ်ကို၊ အစ်မများကို အားကိုးပြီး မိဘများ၊ ဆွေမျိုးသားချင်း၊ ညီအစ်ကို၊ မောင်နှမများလည်း နယ်မှလာ၍ အလုပ်

လုပ်သူများနှင့်အတူ လာရောက်နေထိုင်ကြသဖြင့် တစ်နေ့တခြား လူဦးရေမှာ ယင်း ရပ်ကွက်(၈)နှင့် (၉)တို့တွင် တိုးပွားလျက်ရှိပါတယ်။

ယင်းရပ်ကွက်များတွင် တရားဥပဒေစိုးမိုးမှုမရှိဘဲ လုံခြုံမှုကင်းမဲ့နေပြီး လိမ်လည် ခိုးဆိုး လုယက်မှုများလည်း တစ်နေ့တခြား တိုးပွားလျက်ရှိသောကြောင့် ယင်း ရပ်ကွက်ရှိ နိုင်ငံသားများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိပါတယ်။ ၎င်းအပြင် အသက်(၁၈)နှစ် ပြည့်လာပြီဖြစ်သော မောင်ငယ်၊ ညီမငယ်များအတွက် မှတ်ပုံတင်ပြုလုပ်ခြင်း၊ အိမ်ထောင်စုစာရင်း ပြုလုပ်ခြင်းတို့အတွက် အခက်အခဲများ ရှိနေပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲကြီး နီးလာပြီဖြစ်၍ ထိုသူများ မဲပေးခွင့်ရရှိရန်မှာလည်း အရေးကြီးပါတယ်။

ဤသို့ဖြစ်နေသည်မှာ ပဲခူးတစ်မြို့နယ်ထဲတွင် မဟုတ်ပါ။ စက်ရုံ၊ အလုပ်ရုံများ တိုးတက် ဖွင့်လှစ်နေကြသော မြို့နယ်တိုင်းတွင် ဖြစ်ပျက်နေသည့် အကြောင်းအရာကိစ္စများဖြစ်ပါတယ်။ ပဲခူးမြို့သစ် (၈)ရပ်ကွက်နှင့်(၉)ရပ်ကွက်ရှိ တိုးချဲ့မြေများတွင် နေထိုင်ကြသည့် အိမ်ထောင်စုစာရင်း နှင့် လူဦးရေစာရင်းမှာ ကောက်ယူရရှိသရွေ့ အောက်ပါအတိုင်းဖြစ်ပါတယ်။

ရပ်ကွက်ကြီး(၉)တွင် အိမ်ထောင်စုပေါင်း(၁၄၈)စု၊ လူဦးရေစုစုပေါင်း(၇၅၈)ယောက်၊ ရပ်ကွက်ကြီး(၉)အတွင်းရှိ မွန်စုတွင် နေထိုင်သူများ အိမ်ထောင်စုပေါင်း(၁၆၅)စု၊ လူဦးရေစုစုပေါင်း (၆၅၄)ယောက်၊ ရပ်ကွက်ကြီး(၉)အတွင်းရှိ လာကမို့ကျေးရွာတွင် နေထိုင်သူအိမ်ထောင်စုပေါင်း (၁၁)စု၊ လူဦးရေစုစုပေါင်း (၅၅)ယောက်၊ ရပ်ကွက်ကြီး(၈)အတွင်း နေထိုင်သူ အိမ်ထောင်စုပေါင်း (၁၀၅)စု၊ လူဦးရေစုစုပေါင်း(၄၂၀)ယောက်၊ ရပ်ကွက်ကြီး(၉) မွန်စုရပ်ကွက်တွင် ကျူးကျော်နေထိုင်သူများ စာရင်း (၆၇)ယောက်။

သို့ပါသောကြောင့် မြန်မာနိုင်ငံအတွင်း ပြည်တွင်းရွှေ့ပြောင်းနေထိုင် လုပ်ကိုင်စားသောက် နေကြသူများအတွက် (၁) တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးခြင်း၊ (၂) တိုးချဲ့ ရပ်ကွက်များ တရားဝင်သတ်မှတ်ပေးခြင်း၊ (၃) မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများ စနစ်တကျ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းနှင့် မဲပေးခွင့်ရရှိစေရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ သဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရပ်ကွက်နေပြည်သူများကိုယ်စား သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀:၁၈။**

**ဦးစိုးရယ် (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကျွန်တော် ဦးစိုးရယ် က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်လွှတ်တော်သို့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ၏ မေးခွန်းမှာ မြန်မာနိုင်ငံအတွင်း ပြည်တွင်းရွှေ့ပြောင်း နေထိုင်လုပ်ကိုင်စားသောက်နေသူများကို မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများ စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် မဲပေးခွင့်များရရှိရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ မေးခွန်းမှာ ပါရှိတဲ့အချက်အလက်များအရ ပဲခူးမြို့သစ်(၈)ရပ်ကွက်နှင့် (၉)ရပ်ကွက်ရှိ တိုးချဲ့မြေများတွင် နေထိုင်ကြသည့် အိမ်ထောင်စုများနှင့် ကျူးကျော်နေထိုင်သူများဖြစ်သည့် မြန်မာနိုင်ငံအတွင်း ပြည်တွင်းရွှေ့ပြောင်းနေထိုင်လုပ်ကိုင် စားသောက်နေကြသူများအတွက် မေးခွန်း(၁) တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးခြင်း၊ မေးခွန်း(၂) တိုးချဲ့ရပ်ကွက်များတရားဝင်သတ်မှတ်ပေးခြင်း၊ မေးခွန်း(၃) မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများ စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် မဲပေးခွင့်ရရှိစေရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

မေးခွန်းတွင် အဓိကမေးမြန်းလိုတဲ့အချက် (၄)ချက်ပါရှိသည်ကို တွေ့ရှိရပြီး မေးခွန်းအမှတ်စဉ်(၁) နှင့် (၂) ဖြစ်တဲ့ တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးခြင်းနှင့် တိုးချဲ့ရပ်ကွက်များတရားဝင်သတ်မှတ်ပေးခြင်း အချက်များမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အဓိက သက်ဆိုင်နေသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ မေးခွန်း အမှတ်စဉ်(၃)တွင် အပိုင်း(၂)ပိုင်း ပါရှိပြီး ပထမပိုင်းသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အဓိက သက်ဆိုင်နေကြောင်း မေးခွန်း၏ ဒုတိယပိုင်းတွင် ပါရှိသောပဲခူးမြို့သစ် (၈)ရပ်ကွက်နှင့် (၉)ရပ်ကွက်ရှိ တိုးချဲ့မြေများတွင် နေထိုင်ကြသည့် အိမ်ထောင်စုများနှင့်ကျူးကျော်နေထိုင်သူများ မဲပေးခွင့်ရရှိစေရန်အတွက် မည်သို့ ဆောင်ရွက်ပေးမည်ဆိုသည့် အချက်

သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အမြဲက သက်ဆိုင်နေသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပသည့်အခါ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များအားလုံး မသန်စွမ်းသူများ အပါအဝင် မဲဆန္ဒရှင်စာရင်းတွင်ပါရှိပြီး မဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ၂၀၁၉ ခုနှစ်အား မဲဆန္ဒရှင် စာရင်းပြုစုရေးနှစ်အဖြစ် သတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင် စာရင်းများရရှိစေရေးအတွက် မဲစာရင်းပြုစုခြင်းဆိုင်ရာသင်တန်းကို ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဆင့်ပွားသင်တန်းများကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ထပ်ဆင့်ဖွင့်လှစ်ပို့ချ၍ ဆောင်ရွက်လျက်ရှိပါတယ်။

အခြေခံမဲဆန္ဒရှင်စာရင်း စတင်ကောက်ယူသည့်အခါ တည်ဆဲဥပဒေများဖြစ်သည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်စေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ မဲဆန္ဒရှင်စာရင်းတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၃ အရ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ပြုစုရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၅ အရ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည် မဲစာရင်းပြုစုရာတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကလည်းကောင်း ပြုစုထားသည့် လူဦးရေ (မသန်စွမ်းသူများ အပါအဝင်) စာရင်းကို ရယူအခြေခံပြီး ပြုစုရခြင်းဖြစ်ပါတယ်။ ၎င်းမှ ရရှိလာတဲ့ အချက်အလက်များအပေါ်တွင် မူတည်၍ ပြုစုထားသော မဲဆန္ဒရှင်စာရင်းသည် ပိုမိုပြည့်စုံ မှန်ကန်မှု ရရှိမည်ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအမှတ်စဉ်(၃)ပါ မြန်မာနိုင်ငံအတွင်း ပြည်တွင်းရွှေ့ပြောင်း နေထိုင်လုပ်ကိုင် စားသောက်နေကြသူများအတွက် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများ စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေဆိုချက်ကိုလည်း လွှတ်တော်သို့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မြန်မာနိုင်ငံ အတွင်း နေထိုင်သူများအနက် အချို့သော ပြည်သူလူထုသည် အိမ်ထောင်စုလူဦးရေစာရင်းများရှိပြီး အချို့သည် အိမ်ထောင်စုလူဦးရေစာရင်းမရှိဘဲ ရောက်ရှိရာအရပ်တွင် စားဝတ်နေရေးအတွက် အမြဲကထား၍ နေထိုင်ကြသူများဖြစ်ပါကြောင်း၊ ရောက်ရှိနေထိုင်သည့် အရပ်ဒေသတွင် နေထိုင်မှု

ပုံစံအပေါ်မူတည်၍ သာမန်ပြောင်းရွှေ့နေထိုင်မှုနှင့် ယာယီရွှေ့ပြောင်းနေထိုင်မှုများဟူ၍ ခွဲခြားတွေ့ရှိရပါကြောင်း၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ ကြုံတွေ့နေရသည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့်အခက်အခဲများ ဖြေရှင်းရာတွင် အဓိက လိုအပ်ချက်များအနက် တစ်ခုအပါအဝင်ဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းအား ၁-၅-၂၀၁၆ ရက်နေ့မှစတင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားချက်ထုတ်ပြန်ကာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ဆောင်ရွက်ပေးလျက်ရှိရာ ၂၈-၂-၂၀၁၉ ရက်နေ့အထိ ရွှေ့ပြောင်းနေထိုင်သူများအား တရားဝင်အိမ်ထောင်စု လူဦးရေစာရင်း (၄၂၅၂၈)စုနှင့် ယာယီအိမ်ထောင်စုလူဦးရေစာရင်း (၂၂၃၉)စုတို့အားလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (၁၆၈၂၅)ခုအားလည်းကောင်း ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း လုပ်ငန်းများစဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလမတိုင်မီ အသက်(၁၈)နှစ် ပြည့်မီလာသူများအား ၎င်းတို့တင်ပြသည့် အထောက်အထားများအရဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး၊ မဲဆန္ဒရှင်စာရင်းပြုစုပြီးချိန်တွင်လည်း မဲဆန္ဒရှင်စာရင်းများအပေါ် အခြေခံ၍ အိမ်ထောင်စုလူဦးရေစာရင်းရှိသူများမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးသူများအား မိတ္တူလျှောက်ထားစေရေး၊ မည်သည့်ကတ်ပြားမှ ကိုင်ဆောင်ခဲ့ခြင်းမရှိသူများအား ၎င်းတို့ တင်ပြသည့် အထောက်အထားများအရ ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်ဦးစီးမှူးရုံးကစီစဉ် ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် ကာယကံရှင်များကိုယ်တိုင် မြို့နယ်ဦးစီးမှူးရုံးသို့ လာရောက်လျှောက်ထားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းမရှိသော်လည်း မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နေသူများဖြစ်ပါက ရွှေ့ပြောင်းနေထိုင်သူများအား ဆောင်ရွက်ပေးရန် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၁-၅-၂၀၁၆ ရက်နေ့တွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များသို့ ထုတ်ပြန်ထားရှိပြီးဖြစ်ပါသဖြင့် သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် ၎င်းတို့တင်ပြသည့်အထောက်အထားများအရ ကိုင်ဆောင်သင့်သည့် လက်မှတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှဖြေကြားထားသည်ကို တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့်

နိုင်ငံသားဖြစ်ခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက်(၁၈) နှစ်ပြည့်သူလည်းဖြစ်လျှင် သက်ဆိုင်ရာ မဲဆန္ဒရှင်စာရင်း၌ ထည့်သွင်းဖော်ပြရမည်ဖြစ်ပါတယ်။ ထို့အပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၄(က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏ အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်း တွေ့ရှိလျှင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲက ထိုအမည်များကို ရွေးကောက်ပွဲမကျင်းပမီ (၇)ရက်ထက် နောက်မကျစေဘဲ နောက်ဆက်တွဲ မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းရန် ခွင့်ပြုနိုင်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ မြို့သစ်(၈)ရပ်ကွက် နှင့် (၉)ရပ်ကွက်ရှိ တိုးချဲ့မြေများတွင် နေထိုင်ကြသည့် အိမ်ထောင်စုများနှင့် ကျူးကျော်နေထိုင်သူ များ မဲပေးခွင့်ရရှိရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသူများဖြစ်ပြီး လိုအပ်သောအချက်အလက်များ ပြည့်စုံမှန်ကန် ပါက မိမိတို့၏မူလနေရပ် မဲဆန္ဒရှင်စာရင်း၌ဖြစ်စေ သို့မဟုတ် လက်ရှိနေရပ် မဲဆန္ဒရှင်စာရင်း၌ ဖြစ်စေ ပါရှိစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ညွှန်ကြားချက်များထုတ်ပြန်၍ ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် အထူးအလေးထား၍ ဆောင်ရွက် ပေးလျက်ရှိပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၄)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ဘုတ်ပြင်းလေဆိပ်၌ ခရီးသည် နားနေဆောင် လေဆိပ်အဆောက်အဦနှင့် Control Tower လေကြောင်းထိန်းသိမ်းရေး မျှော်စင် အဆောက်အဦများကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ဘုတ်ပြင်း လေဆိပ်၌ ခရီးသည်နားနေဆောင် လေဆိပ်အဆောက်အဦနှင့် Control Tower လေကြောင်း ထိန်းသိမ်းရေး မျှော်စင်အဆောက်အဦကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အသစ်ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၀။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။ ဘုတ်ပြင်းမြို့နယ်၊ ဘုတ်ပြင်းလေဆိပ်၌ ခရီးသည်နားနေဆောင်၊ လေဆိပ်အဆောက်အအုံနှင့် Control Tower လေကြောင်းထိန်းသိမ်းရေးမျှော်စင် အဆောက်အအုံများကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အသစ်ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းပြီး မေးခွန်းနှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ဘုတ်ပြင်းလေဆိပ်ရှိ အဆောက်အအုံများဖြစ်သော ခရီးသည်နားနေဆောင်၊ လေဆိပ်အဆောက်အအုံ Control Tower လေကြောင်းထိန်းသိမ်းရေးမျှော်စင် အဆောက်အအုံများကို ၂၀၀၃ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ပါတယ်။ ဆောက်လုပ်စဉ်ကလည်း လေယာဉ် အဆင်း၊ အတက်ပြုလုပ်နိုင်ရန် ယာယီအမြန် ဆောက်လုပ်ကြပါတယ်။ အဆောက်အအုံများကလည်း အုတ်ညှပ်သစ်တိုင် အဆောက်အအုံများ ဖြစ်ပြီး ယာယီအမြန် ဆောက်လုပ်ထားသောကြောင့် အသုံးပြုထားသော သစ်များမှာလည်း သစ်အညံ့များဖြစ်၍ ယခုအခါ (၁၅)နှစ် သက်တမ်းကြာပြီဖြစ်၍ ၎င်းသစ်များမှာ ခြစားပြီး ဆွေးမြည့် နေပြီဖြစ်ပါတယ်။ တိုင်များ၊ တံခါးကျည်းပေါင်များလည်း ခြစားထားခြင်း၊ ကြမ်းခင်းများလည်း ပေါက်ပြဲနေပြီး မျက်နှာကြက်များလည်း ပေါက်ပြဲကွာကျနေပြီ ဖြစ်ပါတယ်။ ခရီးသည် နားနေ ဆောင် VIP ခန်းမှာဆိုလျှင် တိုင်များ ခြစားထား၍ တိုင်ဖုံးများဖြင့် ကာရံထားပြီး အလှဆင်ထား

ရပါတယ်။ ပြင်ဆင်လျှင်လည်း အကြီးစားပြင်ဆင်မှု လုပ်ရမည်ဖြစ်ပြီး အစအဆုံး ပြန်လည် ပြင်ဆင်ရမည်ဖြစ်ပါ၍ အသစ်ပြန်လည် ဆောက်လုပ်ပေးမှသာ သင့်တော်မည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်။ လေကြောင်းထိန်းသိမ်းရေးမျှော်စင် အဆောက်အအုံ ဖြစ်ပါတယ်။ ကြမ်းခင်းတွေ ပေါက်ပြဲနေတဲ့ပုံဖြစ်ပါတယ်။ ခရီးသည်နားနေဆောင် ဖြစ်ပါတယ်။ မျက်နှာကျက်တွေ ကွာကျနေတဲ့ပုံ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အချိန်မီ ပြင်ဆင်ခြင်း၊ အသစ်ပြန်လည် ဆောက်လုပ်ခြင်း မလုပ်ဆောင်ပါက ဥပဓိရုပ်မကောင်း၊ အန္တရာယ်ရှိနေသော အဆောက်အအုံများဖြစ်နေပါ၍ ဘုတ်ပြင်းမြို့နယ်ရှိ ဘုတ်ပြင်းလေဆိပ်၌ ခရီးသည်နားနေဆောင် အဆောက်အအုံနှင့် Control Tower လေကြောင်းထိန်းသိမ်းရေးမျှော်စင် အဆောက်အအုံများအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အသစ်ပြန်လည် ဆောက်လုပ်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေကြောင်းထိန်းသိမ်းရေးမျှော်စင် အဆောက်အအုံ မြင်ကွင်းပုံ (က)



ခရီးသည်နားနေဆောင် မြင်ကွင်းပုံ (က-၁)



မျက်နှာကျက်များ ကွာကျနေသည့် မြင်ကွင်းပုံ (က-၂)



**နိုင်ငံအဝှမ်းမြို့ကြီးများတွင် တပ်ဆင်ထားသော အိမ်ဖုန်း ခေါ် ကြိုးဖုန်းများ သုံးစွဲမရဖြစ်နေသည်များကို ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာမောင်မောင် က နိုင်ငံအဝှမ်း မြို့ကြီးများတွင် တပ်ဆင်ထားသော အိမ်ဖုန်း ခေါ် ကြိုးဖုန်းများ သုံးစွဲမရဖြစ်နေသည်များကို ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၃။**

**ဒေါက်တာမောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ညီအစ်ကို မောင်နှမများ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုသည်မှာ ကျွန်တော်တို့နိုင်ငံ မြို့ကြီးများရှိ နေအိမ်များတွင် တပ်ဆင်ထားသော အိမ်ဖုန်း ခေါ် ကြိုးဖုန်းများ ခေါ်ဆိုပြောကြားမရသည်မှာ (၂)နှစ်ကျော် (၃)နှစ်ခန့် ရှိနေပြီဖြစ်ပါတယ်။ ရပ်ကွက်ထဲတွင် သွားလာနေသည့် ဖုန်းလိုင်းပြင် ဝန်ထမ်းဆရာများကို ခေါ်ယူပြသရာတွင်လည်း စစ်ဆေးပြုပြင်လျှင် ခေတ္တ(၁)ပတ်ခန့်သာ သုံးစွဲရပြီး ပြန်လည်ပြတ်တောက်သွားခဲ့ရပါတယ်။ မြေအောက်လိုင်းများနှင့် ဖုန်းကြိုးလိုင်းများ လဲလှယ်တပ်ဆင်နေသည်မို့ လအနည်းငယ်သာ သုံးစွဲမရဖြစ်နေသည်ဟု ယူဆစောင့်ဆိုင်းခဲ့သော်လည်း ယနေ့တိုင် ကောင်းမွန်စွာ သုံးစွဲမရ ဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ ကြိုးလိုင်းများ ရေရှည်ခိုင်ခံ့စွာ

သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးမည့်အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**နိုင်ငံတော်၏ အဓိကပြည်တွင်းဆိပ်ကမ်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပခုက္ကူဆိပ်ကမ်းကို ခေတ်မီဆိပ်ကမ်းတစ်ခုဖြစ်လာအောင် အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေက နိုင်ငံတော်၏ အဓိကပြည်တွင်းဆိပ်ကမ်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပခုက္ကူဆိပ်ကမ်းကို ခေတ်မီဆိပ်ကမ်းတစ်ခုဖြစ်လာအောင် အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၅။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အဓိက ပြည်တွင်းဆိပ်ကမ်းများမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ပခုက္ကူဆိပ်ကမ်းကို ခေတ်မီဆိပ်ကမ်းတစ်ခုဖြစ်လာအောင် အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပခုက္ကူဆိပ်ကမ်းဟာဆိုရင် နိုင်ငံတော်အတွက် များစွာအရေးပါတဲ့ ဆိပ်ကမ်းတစ်ခုဖြစ်ပါတယ်။ ရန်ကုန်၊ မန္တလေးဆိပ်ကမ်းတွေပြီးရင် ပခုက္ကူဆိပ်ကမ်းဟာ တတိယမြောက် ဆိပ်ကမ်းတစ်ခုလည်းဖြစ်ပါတယ်။ နှစ်စဉ် ကုန်တန်ချိန် သိန်းဂဏန်းကို အတင်၊ အချပြုလုပ်နေတဲ့ ဆိပ်ကမ်းတစ်ခုလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအထက်ပိုင်းနဲ့ အောက်ပိုင်းမှာရှိတဲ့ ကုန်စည်တွေကို အဓိက ဖလှယ်တဲ့ဆိပ်ကမ်းတစ်ခုဖြစ်ပါတယ်။ အောက်မြန်မာပြည် ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ဆန်နဲ့ ဒေသထွက်ပစ္စည်းတွေကို မကွေးတိုင်းဒေသကြီးအပါအဝင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးများကို အဓိက တင်ပို့ရာ ဆိပ်ကမ်းတစ်ခုဖြစ်သလို မကွေးတိုင်းဒေသကြီးမှ ထွက်ရှိတဲ့ ပဲမျိုးစုံနဲ့ အခြားဒေသထွက်ပစ္စည်းတွေ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့က ထွက်ရှိတဲ့ သစ်နဲ့ ဒေသထွက်ပစ္စည်းတွေကို ရန်ကုန်ဆိပ်ကမ်းအပါအဝင် အောက်မြန်မာပြည်သို့ တင်ပို့တဲ့ အဓိက ဆိပ်ကမ်းကြီးတစ်ခုလည်းဖြစ်ပါတယ်။

ယခုအခါမှာ ဒီဆိပ်ကမ်းကြီးဟာ ကုန်တင်ရေယာဉ်ကြီးတွေ ဝင်၊ ထွက် သွားလာရန်နှင့် ကုန်တင်၊ ကုန်ချလုပ်ငန်းများ ဆောင်ရွက်ရန် များစွာခက်ခဲလျက်ရှိပါတယ်။ ဖြစ်ရတဲ့အကြောင်း အရင်းကို လေ့လာကြည့်တဲ့အခါမှာ အခုလို နွေရာသီ ရေကျတဲ့အချိန်တွေမှာ အထက်မှ လျှောကျ လာတဲ့ သဲသောင်များကြောင့် ရေလမ်းကြောင်းတွေ ကျဉ်းမြောင်းပြီးတော့ ကုန်တင်ယာဉ်ကြီးများ ဆိုက်ကပ်ရန် လုံလောက်တဲ့ ရေစူးအနက်ပေ မရှိတဲ့အခါမှာ ဆိပ်ကမ်း ကုန်တင်၊ ကုန်ချလုပ်တဲ့ ရေယာဉ်တွေအတွက် များစွာအခက်အခဲဖြစ်ရပါတယ်။

နောက်တစ်ခုက မြစ်ထဲမှာ ကျောက်စရစ်စုပ်ယူတဲ့ ရေယာဉ်တွေဖြစ်ပါတယ်။ ဒီရေယာဉ် တွေဟာ ဆိပ်ကမ်းကို ကျောက်စရစ် အတင်၊ အချလုပ်တဲ့အခါမှာ သတ်မှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေနဲ့အညီ အတင်၊ အချပြုလုပ်ခြင်း မရှိတဲ့အခါမှာ ကျောက်စရစ်စုပ်ယူရာမှာ ပါလာတဲ့ သဲများက မြစ်ထဲကို ပြန်ကျပြီးတော့ ဆိပ်ကမ်းပျက်စီးရတဲ့ အနေအထားတွေ တွေ့ရမှာ ဖြစ်ပါတယ်။ ယခုအခြေအနေကတော့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး ရေယာဉ်ပိုင်ရှင်များ အသင်းကနေ ကမကထပြုပြီး ရေယာဉ်တွေကို ဆိပ်ကမ်းကပ်နိုင်အောင် ရေလမ်းကြောင်းတွေ ပြုပြင်ဖောက်လုပ် ပြီးတော့ သုံးစွဲနေရတဲ့ အနေအထားဖြစ်ပါတယ်။ ဒ့ါကြောင့် ဒီနိုင်ငံတော်ကနေပြီးတော့ ဆိပ်ကမ်းကြီးကို တာဝန်ယူပြုပြင်ဆောင်ရွက်မှုတွေ ထိန်းသိမ်းပေးမယ်။ ဒီ ပခုက္ကူဆိပ်ကမ်းကြီး အဆင့်မြှင့်တင်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ကုန်စည်စီးဆင်းမှုအတွက်များစွာ အကျိုးပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် ဒီပခုက္ကူဆိပ်ကမ်းကြီးကို ခေတ်မီဆိပ်ကမ်း တစ်ခုဖြစ်လာအောင် အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာန (ကညန)ရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင် က မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန)ရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၈။**

**ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ဖြေကြားပေးမယ့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဂန့်ဂေါ၊ ဆော၊

ထီးလင်းကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြူးလွင် ပဲ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် ကြယ်ပွင့်ပြမေးရမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါ မြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန)ရုံးအား ဖွင့်လှစ်ပေးရန်နှင့် ပတ်သက်ပြီးတော့မှ မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဂန့်ဂေါခရိုင်ဟာ ဧရိယာအားဖြင့် (၂၀၅၃.၉၅၆)စတုရန်းမိုင် ရှိပြီး လူဦးရေအားဖြင့်(၂၅၀၀၀၀)ကျော်ရှိတဲ့ ခရိုင်ကြီးဖြစ်ပါတယ်။ ဂန့်ဂေါခရိုင်မှာတော့ ဂန့်ဂေါမြို့၊ ထီးလင်းမြို့၊ ဆောမြို့၊ ကျောက်ထုမြို့နဲ့ ကျောမြို့ဆိုပြီးတော့မှ (၅)မြို့ပါဝင်တဲ့ ခရိုင်မြို့လည်း ဖြစ်ပါတယ်။ ဂန့်ဂေါခရိုင်ဟာ တောင်၊ မြောက် ရှည်လျားပြီးတော့မှ ချင်းပြည်နယ်၏ ထွက်ပေါက် ဆိုရင်လည်းပဲ ကျွန်တော်တို့ မမှားပါဘူး။ ချင်းပြည်နယ်၊ ဟားခါးမြို့မှာ (ကညန)ရုံး၊ တောင်ပိုင်း ချင်းပြည်နယ်မှာရှိတဲ့ မင်းတပ်မြို့၊ မတူပီမြို့၊ ကန်ပက်လက်မြို့ အစရှိတဲ့မြို့များဟာ ဟားခါးမြို့မှာ (ကညန)ရှိပေမယ့်လည်းပဲ ဟားခါးမြို့ကို သွားပြီးတော့မှ မှတ်ပုံတင်မယ်ဆိုလည်း အလွန်တရာမှ ဝေးကွာလှပါတယ်။ တောင်ပိုင်းမှာရှိတဲ့ မြို့များဟာ ဟားခါးမြို့ကို သွားမယ်ဆိုရင် ကျွန်တော်တို့ ဂန့်ဂေါ၊ ဆော၊ ထီးလင်း မြို့သုံးမြို့ကို မဖြတ်ဘဲနဲ့ ကျွန်တော်တို့ သွားလို့မရပါဘူး။ ဒါကြောင့်မို့လို့ ဂန့်ဂေါ၊ ဆော၊ ထီးလင်းမှာ မှတ်ပုံတင်မရှိဘဲနဲ့ ပခုက္ကူကို သွားပြီးတော့မှ ကျွန်တော်တို့ သုံးမြို့ အပါအဝင် တောင်ပိုင်းမြို့များပါ အပါအဝင် အားလုံးဟာ ပခုက္ကူမှာ သွားပြီးတော့မှ အလုပ်လုပ်ကြ ရပါတယ်။ အဲဒီတော့ ပြန်ပြီးတော့မှ ပြောပြမယ်ဆိုရင် မကွေးတိုင်းဒေသကြီးမှာ ခရိုင်(၅)ခုရှိတဲ့ အနက် မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်၊ ပခုက္ကူခရိုင် စတဲ့ (၄)ခရိုင်မှာတော့ (ကညန)ရှိပြီး တော့မှ ဂန့်ဂေါခရိုင်မှာ ယနေ့အထိ (ကညန) မရှိသေးပါဘူး။

ထို့အပြင် ကျွန်တော်တို့ ဂန့်ဂေါခရိုင်ရဲ့ (ကညန)မဟုတ်တဲ့ မန္တလေး၊ မုံရွာမြို့၊ ကလေးမြို့ (ကညန)ရုံးများမှာလည်းပဲ ကြုံရင်ကြုံသလို ဂန့်ဂေါခရိုင်အားဖြင့် မှတ်ပုံတင် တင်နေကြရတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဂန့်ဂေါခရိုင်မှာ မှတ်ပုံတင်မရှိခြင်းအားဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်လိုင်စင်များကိုလည်းပဲ ကျွန်တော်တို့ အချိန်မရွေး အမျိုးမျိုးဒဏ်ရိုက်ခံနေကြရသလို အမြဲတမ်းလည်းပဲ ပြဿနာ ယနေ့အထိ တွေ့နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကိန်းဂဏန်းအရ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ၂၀၁၉ ခုနှစ် ယနေ့ရှိတဲ့ ယာဉ်အစီးရေနှင့် ၂၀၁၅ ခုနှစ်တုန်းက ယာဉ်အစီးရေကို နှိုင်းယှဉ် ကြည့်မယ်ဆိုရင် ယာဉ်အစီးရေဟာ အနည်းဆုံး (၂)ဆ၊ (၃)ဆ များလာမှာ ဖြစ်သော်လည်းပဲ ပခုက္ကူ(ကညန)ရဲ့ လချုပ်စာရင်းကို ကြည့်မယ်ဆိုရင် အလွန်တရာမှ ဝမ်းနည်းစရာကောင်းတာက (၄)နှစ်အတွင်းမှာ ယာဉ်အစီးရေဟာ အလွန်တရာမှ နည်းသွားပါတယ်။ အဲဒီလို ဘာဖြစ်လို့ နည်းသွားသလဲ အကြောင်းအရင်းကို ကြည့်လိုက်တဲ့အခါကျတော့ ဒီ ပခုက္ကူကို လာပြီး တော့မှ လုပ်ရတဲ့ဟာမျိုး၊ ပြီးတော့မှ သူတို့ကတော့ ပြောပါလိမ့်မယ်။ တစ်နှစ်ကို အချိန်မရွေး (၅)ကြိမ်၊ (၆)ကြိမ်မက လာပြီးတော့မှ လုပ်ပေးပါမယ်။ လုပ်ပေးတဲ့အခါကျရင် သူတို့လာကတည်းက

တစ်ရက်၊ နှစ်ရက်ပဲနေပါတယ်။ ဒီလိုနေတဲ့အခါကျတော့ ဂန့်ဂေါမှာရှိကြတဲ့ မိဘပြည်သူတွေ အားလုံးဟာ နေရာတကာ ကျွန်တော်တို့ မသိနိုင်ပါဘူး။ မသိတဲ့အခါကျတော့ သွားရမယ့်အချိန်တွေ၊ ပြန်သွားတဲ့အချိန်တွေ ပြဿနာတွေဖြစ်နေတော့ ကျွန်တော်တို့ ဂန့်ဂေါခရိုင်မှာ လာတော့လာတယ်။ ပြီးတော့မှ အားလုံးပြီးဆုံးအောင် မလုပ်ရတဲ့အခါကျတော့ ကြာတော့ စိတ်ဓာတ်ကျပြီးတော့မှ ယာဉ်သက်တမ်းမတိုးဘဲနဲ့ Without တွေ ကျွန်တော်တို့ အစိုးရတော်တော်များများ ကားအပါအဝင် ဆိုင်ကယ် စသည့် ယာဉ်မောင်းလိုင်စင်များဟာ ယနေ့ အထိ Without တွေ ဖြစ်နေပါတယ်။ ဒီလို Without က ဘာကိုအားပေးသလဲဆိုတော့ ဒီ Without ကားတွေနဲ့ပဲ ကျွန်တော်တို့ သစ်တွေသယ်၊ ဝါးတွေသယ်မိသွားရင် ဒါကိစ္စမရှိတော့ဘူးဆိုပြီးတော့မှ ဒီလိုအန္တရာယ်တွေနဲ့ပဲ ယနေ့အထိ ကြုံနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနမှ ပိုလျှံတဲ့ အလုပ်သမားများကိုလည်းပဲ ယနေ့အထိ လစာကို ပေးနေကြတဲ့ အလုပ်သမားများစွာ ရှိကြပါတယ်။ အဲဒီတော့ အဲဒီဝန်ထမ်းတွေကို ဝန်ကြီးဌာနများမှ လိုအပ်တဲ့ အလုပ်သမားများကို တောင်းဆိုလာပါက အချိန်မရွေး ပေးနိုင်ပါတယ် ဆိုပြီးတော့မှ (၁၁)ကြိမ်မြောက် အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ဒေါ်သီရိရတနာ မေးတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှလည်းပဲ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားထားပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြန်ပြီးတော့မှ အနှစ်ချုပ်ပြောချင်တာတော့ ကျွန်တော်တို့ ဂန့်ဂေါခရိုင်နဲ့ ပတ်သက်ပြီးတော့မှ (ကညန)ရုံး တည်ဆောက်မယ်ဆိုရင် မြေနေရာလည်းပဲ တရားဝင်ထားရှိပါတယ်။ ပြီးတော့မှ နံပါတ်(၂)ဖြစ်နိုင်လျှင် ရုံးအဆောက်အအုံလည်းပဲ တည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။ ဝန်ထမ်းများကိုလည်းပဲ နောက်ထပ် နိုင်ငံတော်မှ --------

ဥက္ကဋ္ဌ။　　။ အချိန်ကုန်သွားပါပြီ။ ထိုင်တော့။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းများနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၀၀။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်နှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ၏ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊

ဘုတ်ပြင်းမြို့နယ်၊ ဘုတ်ပြင်းလေဆိပ်၌ ခရီးသည်နားနေဆောင် လေဆိပ်အဆောက်အဦနှင့် Control Tower လေကြောင်းထိန်းသိမ်းရေး မျှော်စင်အဆောက်အဦများကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အသစ်ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ပြန်လည် ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ဘုတ်ပြင်းလေဆိပ်အတွက် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက လေယာဉ်ပြေးလမ်း၊ လေယာဉ်အဝင်လမ်းနှင့် လေယာဉ်ရပ်နားနေရာတို့ တည်ဆောက်ခြင်းလုပ်ငန်းနဲ့ လေဆိပ်ခရီးသည်နားနေဆောင် အဆောက်အဦနှင့် ယာယီလေကြောင်းထိန်းမျှော်စင် ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို ၂၀၀၃ ခုနှစ်၊ မတ်လမှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလမှာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၎င်းနောက်ပိုင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန က ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ်သိန်း(၁၀၀)ဖြင့် ဘုတ်ပြင်းလေဆိပ်ခရီးသည် အဆောက်အဦများကို အသေးစားပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ မြန်မာအမျိုးသားလေကြောင်းက ဘုတ်ပြင်းလေဆိပ်သို့ ရန်ကုန်၊ မြိတ်၊ ဘုတ်ပြင်း ခရီးစဉ်များဖြင့် ပျံသန်းဆင်းသက်ပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်မှစ၍ ဘုတ်ပြင်းလေဆိပ် ခရီးသည်အဝင်အထွက် ဦးရေကျဆင်းလာခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဘုတ်ပြင်းလေဆိပ်ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဟာ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA) က ၂၀၀၄ ခုနှစ်တွင် ရေးဆွဲပေးခဲ့တဲ့ မြန်မာနိုင်ငံ National Transport Master Plan မှာ ပါဝင်သော်လည်း ဦးစားပေး အဆင့်မြှင့်တင်ဆောင်ရွက်သင့်သည့် လေဆိပ်များစာရင်းတွင် မပါရှိကြောင်း တွေ့ရှိရပါတယ်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လေဆိပ်များမှာ လေယာဉ်များဘေးအန္တရာယ် ကင်းရှင်းစွာ ဆင်း၊ တက် အသုံးပြုနိုင်ရေးအတွက် နှစ်စဉ်ခွင့်ပြုရရှိတဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် လေဆိပ်များ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများကို လေယာဉ်ဆင်းသက်မှုကြိမ်ရေနှင့် ခရီးသည်ဝင်ထွက်မှု အနည်းအများအလိုက် ဦးစားပေး အစီအစဉ်ဖြင့် ရန်ပုံငွေလျာထားတင်ပြဆောင်ရွက်လျက်ရှိရာမှာလည်း ဘုတ်ပြင်းလေဆိပ်ရဲ့ လက်ရှိခရီးသည်ဝင်ထွက်မှုအခြေအနေအရ ဦးစားပေး တင်ပြခဲ့တဲ့စာရင်းတွင် ပါဝင်ခြင်းမရှိသေးကြောင်း တင်ပြအပ်ပါတယ်။

သို့ရာတွင် ဘုတ်ပြင်းလေဆိပ်မှာ အသုံးပြုလျက်ရှိတဲ့ လေကြောင်းထိန်းမျှော်စင်ဟာ ယာယီအားဖြင့် တည်ဆောက်ခဲ့တဲ့ လေကြောင်းထိန်းမျှော်စင်ကိုသာ ဆက်လက်အသုံးပြုနေရခြင်းကြောင့် လေကြောင်းထိန်းမျှော်စင်တစ်ခုရဲ့ အင်္ဂါရပ်နှင့် ညီညွတ်တဲ့ လေကြောင်းထိန်းမျှော်စင် အသစ်တစ်ခု တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်

မှစတင်၍ ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ခွင့်ပြုမိန့်ရရှိသော ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လေယာဉ်ဆင်းသက်မှု အကြိမ်ရေနှင့် ခရီးသည် တိုးတက်လာမှုအခြေအနေအပေါ်မူတည်၍ လိုအပ်လာတဲ့အချိန်မှာ လေဆိပ်အဆောက် အဦအသစ် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ဘဏ္ဍာငွေ တင်ပြတောင်းခံပေးသွားမည်ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင် ၏ နိုင်ငံအဝှမ်း မြို့ကြီးများတွင် တပ်ဆင်ထားတဲ့ အိမ်ဖုန်း ခေါ် ကြိုးဖုန်းများ သုံးစွဲမရဖြစ်နေသည်များကို ပြုပြင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ကျွန်တော် ပြန်လည်ဖြေကြား သွားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေဖြင့် အော်တိုတယ်လီဖုန်းလိုင်းများ အရည်အသွေး တိုးတက်ကောင်းမွန်စေရန် အော်တို တယ်လီဖုန်းအိတ်ချိန်းအသစ်များ လဲလှယ်ခြင်းနှင့် လိုင်းအင်အားတိုးချဲ့ခြင်း စီမံကိန်းဖြင့် ၂၀၁၅ ခုနှစ်မှ စပြီးတော့ သက်တမ်းလွန် အိတ်ချိန်းများကို IP စနစ်သုံးတဲ့ ခေတ်မီ MSAN (Multi Service Access Node) အိတ်ချိန်းအမျိုးအစားများဖြင့် အစားထိုးလဲလှယ် အဆင့်မြှင့်တင်ပေးရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဟာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အော်တိုတယ်လီဖုန်းလိုင်း ပေါင်း (၅၃၀,၀၀၀)ကျော်နှင့် အိတ်ချိန်းပေါင်း (၄၃၈)ခု တို့ကို တပ်ဆင်အသုံးပြုလျက်ရှိတဲ့နေရာမှာ ၂၀၁၉ ခုနှစ်၊ မတ်လကုန်အထိ အော်တိုတယ်လီဖုန်းလိုင်းပေါင်း (၃၇၇,၈၀၀)ကျော်နှင့် အိတ်ချိန်း ပေါင်း (၁၂၅)ခု တို့ကို ခေတ်မီ MSAN အိတ်ချိန်း(၉၆၂)ခုဖြင့် အစားထိုး လဲလှယ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ စီမံကိန်းကာလမှာ မူလက ၂၀၁၅ ခုနှစ်ကနေပြီး ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးရန် လျာထားခဲ့သော်လည်း အထူးသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်မှာ ပါဝင်တဲ့ မြို့နယ်များအတွင်းရှိ အော်တိုတယ်လီဖုန်းလိုင်းများအတွက် MSAN အိတ်ချိန်း လဲလှယ်တပ်ဆင်ခြင်းနှင့် မြေအောက် ကေဘယ်ကြိုးများကို ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် နယ်မြေ အသုံးပြုခွင့် (Right of Way)ရရှိရေးကိစ္စများမှာ နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ရတဲ့အတွက် လျာထားခဲ့တဲ့ ကာလအတွင်း ပြီးစီးနိုင်ခြင်းမရှိခဲ့ပါ။

အဲဒီအပြင် မြေအောက် ကေဘယ်ကြိုးများ ပျက်စီးချို့ယွင်းမှုကို ပြုပြင်ခြင်း၊ အစားထိုး လဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ ကုန်ကျစရိတ်ကြီးမားခြင်း၊ အချို့မှာ လမ်းမကြီး များအောက်မှာရှိနေခြင်းတို့ကြောင့် ပြင်ဆင်ရန် ခက်ခဲခြင်း၊ ပြင်ဆင်ချိန် ကြာမြင့်ခြင်း၊ ပြင်ဆင်၍ မရနိုင်ခြင်း အစရှိတဲ့အခက်အခဲများအပြင် ပြည်သူများနေ့စဉ် သွားလာမှုကို ထိခိုက်မှုမရှိအောင်

ဆောင်ရွက်ရပါသဖြင့် ပြုပြင်လဲလှယ်ရာမှာ အခက်အခဲများစွာရှိပြီး လုပ်ငန်းနှောင့်နှေးမှုများလည်း ရှိခဲ့ပါတယ်။

လက်ရှိအသုံးပြုနေတဲ့ အိတ်ချိန်းများဟာ သက်တမ်း(၁၀)နှစ်ကနေ အနှစ်(၃၀)ကျော် ကြာမြင့်နေပြီး ဖြန့်ခင်းသွယ်တန်းထားတဲ့ မြေအောက်ကေဘယ်နှင့် ဆက်စပ်ပစ္စည်းများမှာလည်း သက်တမ်းကြာမြင့်နေပြီဖြစ်ပါတယ်။ လက်ရှိအော်တိုတယ်လီဖုန်းလိုင်းများ ချို့ယွင်းမှု ဖြစ်ပေါ်နေရခြင်း အကြောင်းအရင်းတွေကတော့ အိတ်ချိန်းချို့ယွင်းမှုကြောင့် (၈)ရာခိုင်နှုန်းခန့်၊ မြေအောက် ကေဘယ်ကြိုး ချို့ယွင်းမှုကြောင့် (၄၀)ရာခိုင်နှုန်းခန့်၊ ကောင်းကင်ကေဘယ်နှင့် အသုံးပြုသူတစ်ဦးချင်းစီသို့ ဆက်သွယ်ပေးတဲ့ တယ်လီဖုန်းကြိုးများ ချို့ယွင်းမှုကြောင့် (၅၀) ရာခိုင်နှုန်းခန့်နှင့် တယ်လီဖုန်းစက်များ ချို့ယွင်းမှုအပါအဝင် အခြားအကြောင်းများကြောင့် (၂)ရာခိုင်နှုန်းခန့် အသီးသီး ရှိပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် အော်တိုတယ်လီဖုန်းလိုင်း ချို့ယွင်းမှုများကို လျှော့ချနိုင်ရေးအတွက် ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်မြို့တွင်း၌ တယ်လီဖုန်းကွန်ကရစ်တိုင် (၄၀၆)တိုင်၊ ကောင်းကင်ကေဘယ်(၃၂.၂)ကီလိုမီတာ၊ မြေအောက် ကေဘယ်(၁.၅) ကီလိုမီတာနှင့် လိုင်းဆက်(Joint)ပေါင်း (၆၉၂)ခုတို့ကို ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ ယခု ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်း ရန်ကုန်မြို့တွင်းလမ်း တယ်လီဖုန်းကွန်ကရစ်တိုင် (၇၀)၊ ကောင်းကယ်ကေဘယ်(၁၀၅.၁)ကီလိုမီတာ၊ မြေအောက်ကေဘယ်(၄.၉၃၅)ကီလိုမီတာနှင့် Joint ပေါင်း (၆၁၀)ခု အစားထိုး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို နယ်မြေအပိုင်းအခြားအလိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် အော်တိုဖုန်းလိုင်း ချို့ယွင်းမှုများ လျော့ကျစေရေးနှင့် အရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် လက်ရှိအသုံးပြုနေတဲ့ ကြေးကြိုး Copper Cable များကို Fiber Cable များဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်ရန် စီမံဆောင်ရွက်သွားရန် ရှိပါတယ်။ Fiber Cable တွေကို အသုံးပြုခြင်းဖြင့် ဖုန်းလိုင်းချို့ယွင်းမှုများ လျော့ကျလာမည့်အပြင် သုံးစွဲသူများအနေဖြင့်လည်း Voice သာမကဘဲ Data ကို ပါ အသုံးပြုလာနိုင်မှာ ဖြစ်ပါတယ်။

အဲဒီအပြင် မုံရွာ၊ ပုသိမ်၊ ဘားအံ၊ တောင်ကြီးမြို့တို့မှာလည်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်တဲ့ ကောင်းကင်ကေဘယ်ကြိုးများအတွက် ကေဘယ်နှင့် လိုင်းဆက်စပ်ပစ္စည်းများကို ဝယ်ယူထားရှိပြီး အစားထိုးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အခြားသောမြို့နယ်များ၌လည်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်တဲ့ ကေဘယ်နှင့်လိုင်းဆက်စပ်ပစ္စည်းများ ဝယ်ယူရေးနှင့် ကွန်ကရစ်တိုင်များ ဝယ်ယူခြင်းနှင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အော်တိုတယ်လီဖုန်းလိုင်း ချို့ယွင်းမှုများကို ပြုပြင်ရန်အတွက် လိုင်းပြင်ဝန်ထမ်းများကို ခေတ်မီ စနစ်များဖြင့် သုံးစွဲသူဝန်ဆောင်မှု (Customer Service)ဆိုင်ရာ နည်းပညာများကို လေ့ကျင့်သင်ကြားပေးလျက်ရှိတဲ့အပြင် ပြည်တွင်းဝန်ဆောင်မှုလုပ်ငန်း (Local Service Provider) များ ခန့်အပ်၍လည်း ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် လိုင်းပြင်ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်အတွင်း စိတ်ပါဝင်စားစွာဖြင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်လိုစိတ်ရှိစေရန် လူနေမှုဘဝ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးခြင်း၊ ကြပ်မတ်ထိန်းသိမ်းခြင်း၊ အရေးယူပညာပေးခြင်း စတဲ့ အစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

အော်တိုတယ်လီဖုန်းလိုင်း ချို့ယွင်းမှုများကို သက်ဆိုင်ရာ အိတ်ချိန်းအလိုက် Complaint များ လက်ခံ၍ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ၂၀၁၅ ခုနှစ်မှ စပြီးတော့ တယ်လီဖုန်းလိုင်း ချို့ယွင်းမှုများကို စောင့်ကြည့်လေ့လာထိန်းချုပ်ရေး (Monitoring and Controlling) ရန်ကုန်မြို့မှာ (106) Call Center ထားရှိပြီး တစ်နိုင်ငံလုံးရှိ အော်တိုတယ်လီဖုန်း ချို့ယွင်းမှုများကို TTS ခေါ်တဲ့ (Trouble Ticket System)ဖြင့် (၂၄)နာရီ လက်ခံရယူကာ လိုင်းချို့ယွင်းမှု ပြုပြင်ခြင်းများ ကြန့်ကြာမှုမရှိစေရန် နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်ကြားသူများအနေဖြင့် (106) Call Center သို့ ခေါ်ဆိုခ အခမဲ့ဖြင့် မိမိတို့တယ်လီဖုန်းချို့ယွင်းမှုများကို အချိန်မရွေး တိုင်ကြားနိုင်ပါတယ်။ ရက်အတန်ကြာ လိုင်းပြတ်တောက်မှုများ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ နယ်မြေတာဝန်ခံများကို ဖြေရှင်းချက်များ တောင်းခံ၍ ထိုက်သင့်သလို သတိပေးခြင်း၊ သင့်လျော်တဲ့ အပြစ်ပေးမှုများ ဆောင်ရွက်ခြင်း၊ လစဉ် ပုံမှန်အစည်းအဝေးခေါ်ယူ၍ လိုင်းချို့ယွင်းမှုများ လျော့ပါးစေရန် အစီအစဉ်များရေးဆွဲခြင်း၊ စီမံချက်များ ချမှတ် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဟာ အော်တိုတယ်လီဖုန်းလိုင်းများ ချို့ယွင်းမှုလျော့နည်းစေရန် သက်တမ်းလွန် အိတ်ချိန်းများကို ခေတ်မီ MSAM အိတ်ချိန်းများဖြင့် အစားထိုး လဲလှယ်ခြင်းလုပ်ငန်းများကို ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးရှိ အိတ်ချိန်းပေါင်း (၄၃၈)ခု အနက် လဲလှယ်ရန် ကျန်ရှိတဲ့ အိတ်ချိန်း(၃၁၃)ခုကို ခေတ်မီ MSAM အိတ်ချိန်းဖြင့် အစားထိုးလဲလှယ်ခြင်းကို ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ MSAM အိတ်ချိန်းကို သုံးစွဲသူများနှင့် အနီးဆုံးနေရာများတွင် ရွေးချယ်တပ်ဆင်ပေးခြင်း၊ Fiber ကေဘယ်များဖြင့် ချိတ်ဆက်အသုံးပြုခြင်းတို့ဖြင့် တယ်လီဖုန်းကြိုးများကြောင့် ဖြစ်ပေါ်လျက်ရှိတဲ့ ချို့ယွင်းမှုများကို လျော့ကျသွားနိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ၏ နိုင်ငံတော်၏ အဓိက ပြည်တွင်း

ဆိပ်ကမ်းများတွင် တစ်ခုအပါ အဝင်ဖြစ်သည့် ပခုက္ကူဆိပ်ကမ်းကို ခေတ်မီ ဆိပ်ကမ်းတစ်ခု ဖြစ်လာအောင် အဆင့်မြှင့်တင်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ကျွန်တော် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းတာဝန်ကြီး(၈)ရပ်မှာ တစ်ခုအပါအဝင်ဖြစ်တဲ့ မြို့ဆိပ်ကမ်းများ မပြောင်းရွှေ့ရဘဲ တစ်ဆယ့်နှစ်ရာသီ အသုံးပြုနိုင်စေရန် ဟူသော လုပ်ငန်းတာဝန်အရ ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးအတွက် အရေးပါတဲ့ မြို့ဆိပ်ကမ်းများကို ရေအနက်တည်ငြိမ်စေရေးနှင့် နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးစလုံး အချိန်ပြည့် အသုံးပြုနိုင်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိအချိန်မှာ ရေလမ်းကြောင်း ပြောင်းလဲမှုအခြေအနေများကြောင့် လက်ရှိပခုက္ကူ ဆိပ်ကမ်းကို တည်ငြိမ်ဆိပ်ကမ်းအဖြစ် အမြဲတမ်းသတ်မှတ်ထားနိုင်ခြင်းမရှိဘဲ ယာယီဆိပ်ကမ်း အဖြစ်သာ သတ်မှတ်ဆောင်ရွက်ပေးထားရပါတယ်။ သို့ဖြစ်ပါ၍ ပခုက္ကူမြို့အတွက် နိုင်ငံတကာ အဆင့်မီ၊ ခေတ်မီဆိပ်ကမ်းတစ်ခု ပေါ်ထွန်းလာစေရေးအတွက် ပဏာမလေ့လာဆန်းစစ်ချက် (Feasibility Study)ဆောင်ရွက်ခြင်း၊ ပဏာမလျာထားနေရာ ရွေးချယ်ခြင်းတို့နှင့် ပဏာမ ဒီဇိုင်းပုံစံ ရေးချယ်ခြင်းတို့ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇ ခုနှစ် ကတည်းက ဆောင်ရွက်ခဲ့ပါတယ်။

လက်ရှိအသုံးပြုနေတဲ့ ပခုက္ကူဆိပ်ကမ်းနေရာဟာ မြစ်ရဲ့အတွင်းလမ်းကြောင်း Secondary Channel အတွင်း ကျရောက်လျက်ရှိခြင်းနှင့် ရေယာဉ်များအနေဖြင့် ရေစုန်ဘက်ကသာ ဝင်၊ ထွက် ဆိုက်ကပ်နိုင်ခြင်းတို့ကြောင့် ပခုက္ကူဆိပ်ကမ်းကို ရာသီမရွေးအသုံးပြုနိုင်တဲ့ နိုင်ငံတကာအဆင့်မီ ပြည်တွင်းဆိပ်ကမ်းတစ်ခုဖြစ်လာစေရေးအတွက် မြစ်ကြောင်းပြောင်းလဲဖြစ်ပေါ်မှု အခြေအနေများနှင့် ကမ်းပါးတည်ငြိမ်မှုအခြေအနေများအပေါ် မူတည်၍ ဆိပ်ကမ်းနေရာသစ်ရွေးချယ်၍ ဆောင်ရွက် သွားရန် လိုအပ်လာခဲ့ပါတယ်။ ပြည်တွင်းဆိပ်ကမ်းနေရာတစ်ခုရွေးချယ်ရာမှာ မြစ်ချောင်းများ ရေလမ်းကြောင်းကောင်းမွန်ရန် လိုအပ်ပါသဖြင့် ရောဝတီမြစ် ရေနည်းချိန်နှင့် ရေများချိန်တို့မှာ တိုင်းတာရေးလုပ်ငန်းများကို ဒေသအလိုက် နှစ်စဉ် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ တိုင်းတာ တွေ့ရှိချက်များအရ ရေလမ်းကြောင်းကောင်းမွန်ပြီး ဆိပ်ကမ်းနေရာကို ထပ်မံရွှေ့ပြောင်းရန် မလို အပ်မည့် ပခုက္ကူမြို့၏ အရှေ့ဘက် အေးကျွန်းပေါ်မှာ ပခုက္ကူဆိပ်ကမ်းအသစ် တည်ဆောက်သွားရန် ရွေးချယ်သတ်မှတ်ထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ရှင်းလင်းတင်ပြ ခွင့်ပြုပါခင်ဗျား။ ပဏာမ ဒီဇိုင်းပုံစံအရ ပခုက္ကူဆိပ်ကမ်းအသစ်ကို အလျား မီတာ (၁၈၀) ရှိတဲ့

ကွန်ကရစ် ဆိပ်ခံတံတားနှင့် (Pontoon Type) ဆိပ်ခံအဖြစ် တည်ဆောက်ရန် လျာထားပါတယ်။ ပခုက္ကူဆိပ်ကမ်းအသစ် တည်ဆောက်တဲ့ လုပ်ငန်းများမှာ အေးကျွန်းရဲ့ အမြင့်ဆုံး ရေမြင့်မှတ်ထက် ကင်းလွတ်အမြင့် ရရှိရေးအတွက် ဆိပ်ကမ်းနေရာ မြေဖို့ခြင်း၊ အေးကျွန်းကမ်းပါးကို ကျောက်စီ မြေထိန်းနံရံများဖြင့် ထိန်းသိမ်းကာကွယ်ခြင်း၊ ကုန်ပစ္စည်းသယ်ယူရန် အသုံးပြုမည့် ချဉ်းကပ် လမ်းများ တည်ဆောက်ခြင်း၊ ကုန်ပစ္စည်းသိုလှောင်နေရာများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းတို့ပါဝင်မှာ ဖြစ်ပါတယ်။ အခုပုံမှာ ပြထားတဲ့အတိုင်းပဲ လက်ရှိဆိပ်ကမ်းနေရာနှင့် လျာထားတဲ့ ဆိပ်ကမ်းနေရာဖြစ်ပါတယ်။ လက်ရှိဆိပ်ကမ်းနေရာရဲ့ ဘယ်ဘက်လေးမှာ မျှားနှစ်ခု ပြထားက ကျွန်တော် စောစောက တင်ပြထားသလို ရေယာဉ်တွေ ဝင်တဲ့အခါမှာ ရေစုန်ကပဲ ကွေ့ပြီး တော့ ဝင်နေရတဲ့အတွက် ဒီအခက်အခဲတွေ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ တည်ဆောက်ရန် ပဏာမ ဒီဇိုင်းရေးဆွဲထားတဲ့ ဆိပ်ကမ်းဆိုင်ရာ အချက်အလက် ဖြစ်ပါတယ်။

အဆိုပါ ပခုက္ကူဆိပ်ကမ်းဟာ နိုင်ငံတကာအဆင့်မီ အကောင်အထည်ဖော် တည်ဆောက် နိုင်ရေးအတွက် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ (၂၅)သန်းခန့် ရှိမည်ဟု ခန့်မှန်းထားပါသဖြင့် နိုင်ငံတော်သမ္မတရုံး၏ စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာ ညွှန်ကြားချက်အမှတ် (၂/၂၀၁၈) နှင့် အညီ နိုင်ငံတကာဖွံ့ဖြိုးမှု အကူအညီရရှိရေး သို့မဟုတ် PPP စနစ်ဖြင့် ပြည်တွင်းပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ရေးအတွက် ပခုက္ကူဆိပ်ကမ်းသစ် တည်ဆောက်ရေးစီမံကိန်းကို Project Bank တွင် ထည့်သွင်းနိုင်ရန်အတွက် အဆိုပြုချက် တင်ပြထားပြီးဖြစ်ပါကြောင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စိစစ်ပြီး အတည်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင် ၏ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါ ခရိုင်၊ ဂန့်ဂေါမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန)ရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ကျွန်တော် ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြချက်တွင် ပါရှိတဲ့အတိုင်း ဂန့်ဂေါခရိုင်၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ပခုက္ကူ)က တာဝန်ယူဆောင်ရွက်တဲ့ နယ်မြေအတွင်းရှိ သဖြင့် ဂန့်ဂေါခရိုင်အတွင်း၌ ရှိတဲ့ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များအတွက် ခရိုင်ရုံး(ပခုက္ကူ)က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ စာရင်းများအရ (ဂန့်ဂေါ၊ ထီးလင်း၊ ဆော) လိုင်စာဖြင့် မော်တော်ယာဉ်(၅၇၃)စီး၊ မော်တော်ဆိုင်ကယ် (၁၇၁၂၄)စီးနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေ(၂၈၂၉၂)စောင် မှတ်ပုံတင်ထားရှိတာ တွေ့ရှိရပါတယ်။ ဂန့်ဂေါခရိုင်၌ ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း ခရိုင်ရုံး (ပခုက္ကူ)က ဝန်ထမ်းအင်အားဖြင့် အဆိုပါ ခရိုင်

အတွင်းရှိ မြို့နယ်များသို့ မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို တစ်နှစ်လျှင် အနည်းဆုံး(၄)ကြိမ်သွားရောက်၍ မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများအတွက် နှစ်စဉ် နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ကွင်းဆင်းဆောင်ရွက်မှုပြုလုပ်သည့်အချိန် တွေမှာ ဒေသခံပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ နားလည်စေရေးအတွက် ဟောပြောပွဲများ ကျင်းပခြင်းနဲ့ ပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။ ထို့အပြင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များကို သက်တမ်း မကုန်ဆုံးမီ (၃)လ ကြိုတင်၍ သက်တမ်းတိုးနိုင်ကြောင်း အသိပေးဆောင်ရွက်လျက်ရှိပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာန၏ လက်ရှိ ခွင့်ပြုဖွဲ့စည်းပုံအရ ရုံးချုပ်၊ တိုင်းဒေသကြီး၊ တိုင်းဒေသကြီးရုံးခွဲ၊ ပြည်နယ်ရုံး၊ တွဲဖက်ပြည်နယ်ရုံး၊ ခရိုင်ရုံး၊ စုစုပေါင်း (၅၅)ရုံး ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ရုံးအသစ်(၁)ရုံး ဖွင့်လှစ်မည် ဆိုပါက ရုံးဆောက်လုပ်ရန် မြေနေရာရှာဖွေတောင်းခံရခြင်း၊ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းမှာ ရုံးအဆောက်အဦ၊ ရုံးသုံးပရိဘောဂ၊ ရုံးသုံးစက်ကိရိယာ၊ ယာဉ်စစ်ဆေးရေး စက်ကိရိယာများ၊ ရုံးအသုံးအဆောင်ပစ္စည်းများအတွက် ငွေလုံးငွေရင်း အသုံးစရိတ်များ တင်ပြ တောင်းခံရခြင်း၊ ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲ၍ ဝန်ထမ်းများ ခန့်အပ်ခွင့် တောင်းခံရခြင်း၊ ခန့်ထား မည့်ဝန်ထမ်းများ၏ လစာစရိတ်များအတွက် သာမန်အသုံးစရိတ်များ တင်ပြတောင်းခံရခြင်းများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးနည်းတူ အခြားမြို့နယ်များက လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ တင်ပြတောင်းဆိုချက်များအရ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ညောင်ဦး၊ ကသာ၊ သံတွဲနှင့် မြောင်းမြမြို့နယ်တို့မှာ ရုံးအသစ်များ ဖွင့်လှစ်နိုင်ရန် လိုအပ်ချက်များနှင့်အတူ ၂၀၁၅ ခုနှစ်ကတည်းက ဝန်ထမ်းဖွဲ့စည်းပုံ တင်ပြတောင်းခံထားခဲ့သော်လည်း ယခုအချိန်အထိ ခွင့်ပြုချက်ရရှိခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ပခုက္ကူ)အနေဖြင့် ဂန့်ဂေါခရိုင်အတွင်း နေထိုင်ကြသော မိဘပြည်သူများ သွားလာမှုလွယ်ကူစေရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ချောမွေ့စေရေးအတွက် ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို ဂန့်ဂေါ မြို့နယ်၌ မတ်လ၊ ဇွန်လ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလတို့မှာ လည်းကောင်း၊ ထီးလင်းမြို့နယ်၌ ဇွန်လနှင့် ဒီဇင်ဘာလတို့မှာလည်းကောင်း၊ ဆောမြို့နယ်၌ ဇူလိုင်လတွင်လည်းကောင်း နှစ်စဉ် နယ်လှည့်ကွင်းဆင်းခြင်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါမြို့နယ်အတွင်းရှိ ပြည်သူများ အဆင်ပြေ စေရေးအတွက် ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များကို (၃)လ ကြိုတင်၍ သက်တမ်းတိုးခွင့်ပြုထား

သည့်အပြင် နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးခြင်းများကို ယခင်က တစ်နှစ်(၃)ကြိမ် ဆောင်ရွက်ပေးခဲ့ရာမှ ၂၀၁၅ ခုနှစ်၊ မတ်လမှစပြီးတော့ (၄)ကြိမ်သို့ တိုးမြှင့်ပြီး တစ်ကြိမ်လျှင် (၃)ရက် အချိန်ယူ၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် သက်ဆိုင်ရာ ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများက လိုအပ်သည့်အခါများတွင် နယ်လှည့်ကွင်းဆင်း ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းလာပါက အထူးကိစ္စရပ်များအနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရှေ့တွင် တင်ပြခဲ့တဲ့ အကြောင်းများကြောင့် ဂန့်ဂေါခရိုင်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)ရုံးဖွင့်လှစ်ရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အားလွှတ်တော်သို့တင်သွင်းခြင်း**

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အား အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၁။**

**ဦးသောင်းထွန်း (ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)မူကြမ်းအား အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂(ဃ)နဲ့ ပုဒ်မ ၉၉ တို့အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပြီး ကော်မရှင်၏ ကုန်ကျစရိတ်များကိုလည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံခဲ့ပါတယ်။ ယခုအခါ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈၇/၂၀၁၈ အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသစ်အား ဖွဲ့စည်းထူထောင်ခဲ့ပြီးဖြစ်ရာ မြန်မာနိုင်ငံရင်းနှီး

မြှုပ်နှံမှုကော်မရှင်၏ ကော်မရှင်ရုံးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုဖြစ်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများကိုလည်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခွင့်ပြုငွေမှ အသုံးပြုလျက်ရှိခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန တာဝန်ယူဆောင်ရွက်နေသည့် အခြေအနေနှင့် ကိုက်ညီမှုရှိစေရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂(ဃ)နှင့် ပုဒ်မ ၉၉ တို့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအစား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဖြင့် အစားထိုးပြင်ဆင်ရန် လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၉)မူကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးစဉ်းစားဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၄။**

**ဦးကျော်ကျော် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကျွန်တော်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပေးပါမယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၉ - ၁၉၃

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဧပြီလ ၂၆ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉)ကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၂၅ - ၃ - ၂၀၁၉ ရက်နေ့မှာ ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ သည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၆-၄-၂၀၁၉ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)ကို လေ့လာစိစစ်ရာမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပြဋ္ဌာန်းချက်များကို နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ အသစ်ထပ်မံဖွဲ့စည်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် အခြေအနေနှင့်ကိုက်ညီမှုရှိစေရန်အတွက် ပြင်ဆင်ထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉)နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင် ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉) အား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)နှင့် စပ်လျဉ်း၍

ပြင်ဆင်ချက် အဆိုတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး ၃-၅-၂၀၁၉ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်(ကြာသပတေးနေ့)နံနက် ၁၀:၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁:၀၉ နာရီအချိန်တွင် ရပ်နားပါသည်။]